# CBDRR**Practice**
**Case***Studies*



၄

## ရပ်ရွာလူထုအဆင့်ဘေးအန္တရာယ်လျော့ပါးရေးအစီ အစဉ်ရေးဆွဲရာတွင် လူထုပါဝင်မှုအားမြှင့်တင်ခြင်း

### အနှစ်ချုပ်

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးလုပ်ငန်းများတွင် လူထုပါဝင်ဆောင်ရွက်မှုသည် အရေးအကြီးဆုံးအချက်အဖြစ်စွဲမြဲစွာမှတ်ယူထားပြီးဘေးအန္တရာယ်ကျရောက်လွယ်ဆုံးနေရာများအဖြစ်ဦးတည်သတ်မှတ်ထားသောနေရာရှိရပ်ရွာလူ ထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု လုပ်ငန်းဆောင်တာများမှလူထုပါဝင်မှုအဆင့်သည်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုလုပ်ငန်းတိုင်း၏ အောင်မြင်မှုအဖြစ်လက်ခံထားပါသည်။ အထူးသဖြင့် လက်ရှိလုပ်နေသော ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ ပါးရေးစီမံခန့်ခွဲမှု ဦးစားပေးအစီအစဉ်များတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက အဓိကပါဝင်မည့်သူများညှိနှိုင်းပြီးလုပ်ငန်းအ စီအစဉ်အစကနဦးဖြစ်သော ဘေးအန္တရာကျရောက်နိုင်မှုကိုစစ်ဆေးသတ်မှတ်ခြင်းမှ ရလဒ်များကိုအသုံးပြု၍တိုင်းတာစစ်ဆေးမှုများ ပြုလုပ်သည်အထိပါဝင်အောင် စည်းရုံးရပါသည်။ လူထုပါဝင်ဆောင် ရန်ရန်ကူညီထောက်ပံ့အားပေး သည့်ပတ်ဝန်းကျင်အဖြစ်ဖန်တီးပေးရာတွင် အစီအစဉ်တစ်ခုနှင့်တစ်ခုကြားတွင် ချဉ်းကပ်မှုများအနည်းငယ်ကွဲလွဲမှုများရှိသော်လည်းအောင်မြင်မှုရလဒ်များမှာသိသာထင်ရှားပါသည်။ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၏ စွမ်းဆောင်မှုအောက်တွင် ဦးတည် ထားသောကျေးရွာမှရပ်မိရပ်ဖအဖွဲ့ဝင်များ၊ ရွေးချယ်ထားသောကျောင်း များမှဆရာ/ မနှင့်ကျောင်းသူ/ သားများကလိုအပ်သောစစ်ဆေးမှုများ၊ ကြိုတင်ပြင်ဆင်မှုနှင့် ထိခိုက်မှုလျော့ပါးရေးအစီအစဉ်များပြင်ဆင်ခြင်းများကိုတာဝန်ယူလုပ်ဆောင်ခဲ့ပါသည်။

### မာတိကာ

+ လူထုပါဝင်ဆောင်ရွက်ခြင်းနှင့်ဘေးအန္တရာယ်လျော့ချရေး ၂
+ မြန်မာနိုင်ငံကြက်ခြေနီအသင်းလူထုပါဝင်သောဘေးအန္တရာယ်စီမံရေးဆွဲမှုလုပ်ဆောင်ချက်များ ၃
+ ကူညီထောက်ပံ့ပေးသောအကြောင်းအရာများ ၁၀
+ ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများ ၁၀
+ သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ ၁၁

## လူထုပါဝင်ဆောင်ရွက်ခြင်းနှင့်ဘေးအန္တရာယ်လျှော့ချရေး

လူထုပါဝင်ဆောင်ရွက်ခြင်းသည် မည်သည့်ရပ်ရွာ/လူထု အခြေပြုလုပ်ငန်းတွင်မဆိုအဓိကဦးကျသော အချက်တစ်ချက်ပင်ဖြစ်သည်။အဘယ်ကြောင့်ဆိုသော်၎င်းသည်ဘေးအန္တရာယ်ကျရောက်မှုလုပ်ငန်းစဉ်များနှ င့်ပတ်သက်၍ပြည်သူလူထု၏ပိုင်ဆိုင်မှုအပြင် အသိပညာကိုတိုးပွားစေပြီး နောင်တွင် မိမိတို့ကိုယ်တိုင်ဆောင်ရွက်လာတတ်စေရန် အခြေခံကျသောကြောင့်ဖြစ်သည်။ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုလုပ်ငန်း အစီအစဉ်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသော ရပ်ရွာ/လူထုသည် လုပ်ငန်းစဉ်တစ်လျှောက်လုံး ဘေးအန္တရာယ်ကျရောက်မှုစစ်ဆေးခြင်းမှ စတင်ပြီး ရလဒ်များတိုင်းတာနိုင်ရန် ခွဲခြားစိတ်ဖြာသည် အထိပါဝင်ရပါသည်။ဤနည်းဖြင့်ရပ်ရွာလူထုသည် ၎င်းတို့၏အသက် အန္တရာယ်ထိခိုက်စေနိုင်သည့် ပြဿနာများကို ဖြေရှင်းဆုံးဖြတ်ရာ၌အဓိကပုဂ္ဂိုလ်များအဖြစ်ပါဝင်ခွင့်ရကြပါသည်။ ရပ်ရွာလူထုအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် အကောင်ထည်ဖော်ဆောင်ရွက်သူများ၏ ကြီးမားသော တာဝန်ရယူမှုပင်ဖြစ်သည်။ အကျိုး သက်ရောက်မှုမှာလူထု၏ အသိပညာတိုးပွားသည်နှင့်အမျှ ၎င်းတို့သည်ပိုမို ကောင်းမွန်သော လုပ် ငန်းဆောင်ရွက်မှုများ(လူသားချင်းကူညီထောက်ပံ့မှုဆိုင်ရာ–humanitarian နှင့်ဘေးအန္တရာယ်လျော့ပါးမှု)ကိုသဘောပေါက်တောင်းဆို နိုင်မည်ဖြစ်သည်။



ရွာမြေပုံ – ထိခိုက်ခံရလွယ်မှုနှင့်စွမ်းဆောင်ရည်ဆန်းစစ်အကဲ ဖြတ်ခြင်း၏ရလဒ်တစ်ခု

ယေဘုယျအားဖြင့် လူထုပါဝင်ဆောင်ရွက်သည့်မည်သည့် လုပ်ငန်းဆောင်တာမျိုးမဆိုဒေသအခြေအနေနှင့်ဒေသအတွင်းရှိပြီးသားစွမ်းဆောင်ရည်များကိုထည့်သွင်းစဉ်းစားရပါသည်။ လူထုပါဝင်မှုအားကောင်းအောင်ဆောင်ရွက်ရာတွင်သေချာ စိတ်ချရသောနည်းလမ်းများမှာ–

–အပြန်အလှန်ဆက်သွယ်မှုကို ကူညီထောက်ပံ့ပေးခြင်း (လူထုအားသတင်းအချက်အလက်များအချိန်မှီပေးခြင်းနှင့် ၎င်းတို့ထံမှတုန့်ပြန်ဆက်သွယ်မှုများကို လက်ခံရရှိရန် စနစ်တကျပြုလုပ်ခြင်း)နှင့်

–လိုက်လျောညီထွေမှုရှိသော လူထုစည်းရုံးမှုနည်းလမ်းများကိုအသုံးပြုခြင်းဖြစ်ပါသည်။ဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း လူထုပါဝင်ဆောင်ရွက် စေခြင်းဖြင့်စိတ်ပိုင်းဆိုင်ရာထိခိုက် မှုလျော့ပါးစေပြီး ဝမ်းနည်းစိတ်ထိခိုက်စရာများကိုကျော်လွှားနိုင်စေရန်အထောက်အကူပြုပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးမူဝါဒ။ လူမှုအဖွဲ့အစည်းများလုံခြုံရေးနှင့် သဘာဝဘေးဒဏ်ခံနိုင်မှုတွင် ပါဝင်သောအချက်အလက်များ**

- မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လူနေမှုအဖွဲ့အစည်းများအတွင်း သဘာဝဘေးများနှင့် ဆုံးရှုံးနစ်နာနိုင်ခြေများအားဆန်းစစ်ရာတွင်လည်းကောင်း၊ ဘေးကျရောက်နိုင်မှု အလားအလာများနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးကဏ္ဍများဖေါ်ထုတ်ရာတွင် လည်းကောင်း စွမ်းဆောင်ရည်များကိုအဖွဲ့အစည်းအတွင်းစုစည်းဆောင်ရွက်ပေးသွားရန်။

- မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကြိုတင်သတိပေးချက်များရရှိရေး၊ သဘာဝဘေးလျော့ပါးရေးအတွက် အဆောက်အဦဆိုင်ရာနှင့်အဆောက်အဦနှင့်မဆိုင်သော ပြင်ဆင်မှုလုပ်ငန်းများပိုမိုတိုးမြှင့်ဆောင် ရွက်ခြင်း၊ အသက်မွေးဝမ်းကြောင်းမှုများအားအကာအကွယ်ပေးခြင်းစသည့် လူမှုအဖွဲ့အစည်းအခြေပြုကနဦးလုပ်ဆောင်မှုများကိုအထူးသဖြင့်ပျက်စီးဆုံးရှုံးနိုင်ခြေအလွန်မြင့်မားသောအဖွဲ့အစည်းများတွင်အရှိန်အဟုန်မြင့်မားလာစေရေးအကူအညီပေးသွားရန်။

- မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် သဘာဝဘေးများ၊ဆုံးရှုံးနစ်နာနိုင်ခြေများ၊ အန္တရာယ်ကျရောက်နိုင်မှု အလားအလာများ၊ ယင်းတို့အတွက်တုံ့ပြန်ဆောင်ရွက်နိုင်သည့်နည်းလမ်းများ စသည်တို့နှင့်စပ်လျဉ်းသည့်အသိပညာများကို လူမှုအဖွဲ့အစည်းများ၊ ကျောင်းများတွင်လူထု ကြိုတင်သတိရှိမှုများ မွေးထုတ်နိုင်ရန်အတွက် လူမှုရေးဆိုင်ရာစုစည်းမှုအခမ်းအနားများ၊ပွဲများကျင်းပနိုင်ရေးကိုစည်းရုံးဆောင်ရွက်သွားရန်။

- မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့်သင်ကြားမှုလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများနှင့် ထောက်ခံမှုများပြန့်ပွားအောင်လုပ်ဆောင်ရန် နှင့်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်။

အရင်းအမြစ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးမူဝါဒ၊၂၀၁၀

ဘေးအန္တရာယ်ကျရောက်မှု လျှော့ချရေးလုပ်ငန်းများတွင်ရပ်ရွာလူထုပါဝင်မှု၏အရေးကြီးပုံနှင့်အကျိုးကျေးဇူးကြီးမားပုံတို့ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကအသိအမှတ်ပြုပြီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုမူဝါဒ ၂၀၁၀ တွင် –လူမှုအဖွဲ့အစည်း များ၏လုပ်ငန်းဆောင်တာများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှု အဖွဲ့အစည်းများအားစည်းရုံးဆောင်ရွက်ချက်များ။

# မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လူထုပါဝင်သော ဘေးအန္တရာယ်စီမံရေးဆွဲမှုလုပ်ဆောင်ချက်များ

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်လူထုအခြေပြု ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးစီမံခန့်ခွဲမှုကို ဘေးအန္တရာယ်ကျရောက်နိုင်သော ရပ်ရွာရှိထိခိုက်ခံရလွယ်သူများကို ပိုမိုလုံခြုံပြီးဘေးအန္တရာယ်ကိုကြံ့ကြံ့ခံရင်ဆိုင်နိုင်သူများအဖြစ်ပြောင်းလဲပေးသော လုပ်ငန်းစဉ်အဖြစ်သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်ဆဲ လူထုအခြေပြုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအစီအစဉ်(၅)ခု – ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု၊ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး၊ ရပ်ရွာလူထုအေခြေပြုဘေး အန္တရာယ်ကျရောက်မှုလျော့ပါးရေး၊ မြို့ပြအခြေပြုဘေးအန္တရာယ်လျော့ပါးရေး[၁]၊ ဘေးအန္တရာယ် လျော့ပါးရေး[၂]အောက်တွင် အကောင်ထည်ဖော်ဆောင်ရွက်နေမှုများအောင်မြင်ရန်နှင့် ရပ်ရွာလူထုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအစီစဉ် ရေးဆွဲရန်အတွက်ယင်းတို့၏ပူးပေါင်းပါဝင်မှုကိုအလေးအနက် တောင်းခံထားပါသည်။ အစီအစဉ်အသီးသီးအောက်တွင် အဆင့်တိုင်း၌လူထုပါဝင်မှုအတွက် ပတ်ဝန်းကျင်အခြေနေဖန်တီးပုံအနည်းငယ်ကွဲပြားမှုရှိသော်လည်းလူထုအဆင့်ကြိုတင်ပြင် ဆင်မှုအတွက်ဆောင်ရွက်ရာတွင်တစ်ပုံစံတည်းသာဖြစ်သည်။ ၎င်းတို့မှာ လူထုကိုယ်စား လှယ်ရွေးချယ်ခြင်း၊ သတ်မှတ်အုပ်စုအားသက်ဆိုင်ရာသင်တန်းပို့ချပေးခြင်း ၊စစ်တမ်းကောက်ခြင်း၊ ကော်မတီနှင့် ကော်မတီခွဲများ ဖွဲ့စည်းခြင်း၊ကြိုတင်ပြင်ဆင်မှုများနှင့် ထိခိုက်မှု လျော့နည်းစေသည့်လုပ်ဆောင်မှုများပါဝင်သောလူထု အခြေပြုအစီစဉ်များကိုရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ခြင်းဖြစ်ပါသည်။ ရပ်ရွာလူထုရေးကဆွဲထားသောအစီစဉ်များကို အကောင်ထည်ဖော်ဆောင် ရွက်ရာတွင်မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမြို့နယ်ရုံးခွဲများနှင့် ကျယ်ပြန့် သည့်စေတနာရှင်လုပ်အားပေးများကွန်ယက်မှ အဓိကလုပ်ဆောင်ပေးပါသည်။ ပထမဦးဆုံးလုပ်ဆောင်လေ့ရှိသည်မှာ သတ်မှတ်ပြည်နယ်/ တိုင်းဒေသကြီး နှင့်မြို့နယ်မှကြက်ခြေနီတပ်ဖွဲ့ဝင်များ နှင့်အာဏာပိုင်များကိုလုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်များအားရှင်းပြခြင်းနှင့်ဒေသအာဏာပိုင်များ၏ခွင့်ပြုချက်နှင့်အကူအညီကိုတစ်ချိန်တည်းရယူခြင်းဖြစ်သည်။ အကောင်ထည်ဖော်မှု၏လုပ်ငန်းစဉ်များစတင်အကောင်ထည်ဖောဆောင်ရွက်ရာတွင် ပါဝင်နိုင်ရန်လူထုကိုယ် စားလှယ်နှင့် ကျောင်းကိုယ်စားလှယ်များသတ်မှတ်ခြင်း၌မြို့နယ်ကြက်ခြေနီ အသင်းသည်လုပ်ပိုင်ခွင့်အရှိဆုံးဖြစသည်။ ပုံ(၂)သည် အစီစဉ်တစ်ခုစီအောက် မှလူထုအစီစဉ်ရေးဆွဲခြင်းအတွက်၎င်းတို့၏ပူးပေါင်းပါဝင်မှုအဆင့်ဆင့်ကို ခြုံငုံဖော်ပြထာပါသည်။

ပုံ–၁။ ရပ်ကွက်/ ကျေးရွာအဆင့်တွင်လူထုပါဝင်ဆောင်ရွက်ပုံ




## ရပ်ကွက်/ ကျေးရွာ ကိုယ်စားလှယ်ရွေးချယ်ခြင်း

စီမံချက်လုပ်ငန်းအစီအစဉ် အသီးသီးအောက်တွင် (ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်အတွက်မြို့နယ်/ ကျေးရွာတွင်နေထိုင်သူများနှင့် မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်အတွက်ရပ်ကွက်ထဲတွင် နေထိုင်ကြသူများမှအဖွဲ့ဝင်များ ရွေးချယ်ရာတွင်၎င်းတို့၏ ကျောထောက်နောက်ခံအရင်းအမြစ်များကွဲပြားသော်လည်းရွေးချယ်မှုအတွက် သတ်မှတ်ရွေးချယ်မှုအတွက်အသုံးပြုသောစံသတ်မှတ်ချက်များ[၃]တူညီကြသည်ကိုအောက်တွင်ဖော်ပြထားပါသည်။

- ဘေးအန္တရာယ်ကျရောက်လွယ်မှုအရှိဆုံးသောမြို့နယ်၊ကျေးရွာအုပ်စု၊ ရပ်ကွက်များမှပုဂ္ဂိုလ်များ
- ရပ်ရွာ/ ရပ်ကွက်ထဲတွင် ကြည်ညိုအလေးထား ခံရသောပုဂ္ဂိုလ်
- လိုအပ်လျှင်ရပ်ကွက် သာရေးနာရေးလုပ်ငန်းများအတွက် အချိန်ပေးနိုင်သောသူ
- အများနှင့်ပြောဆိုဆက်ဆံရာတွင် ဆက်ဆံရေးပြေပြစ်သူ
- အစီအစဉ်သတ်မှတ်ထားသောနေရာဒေသများသို့ အခက်အခဲမရှိသွားရောက်လိုစိတ်ရှိပြီး ပေးအပ်ထားသောတာဝန် များကိုကျေပွန်စွာထန်းဆောင်နိုင်မည့်သူ စသည်တို့ဖြစ်ပါသည်။

ရလဒ်ဖြစ်သည့်ကော်မတီများမှာလည်း အစီအစဉ်တစ်ခုနှင့်တစ်ခုမတူညီကြပါ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုအစီအစဉ်အောက်တွင် မြို့နယ်အဆင့်၌ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု အဖွဲ့နှင့် ကျေးရွာအဆင့်တွင် အမျိုးသမီးကိုယ်စားလှယ်၅၀ရာခိုင်နှုန်း ပါဝင်သောလူဦးရေအယောက်(၃၀)ပါသည့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုဆင့်ပွားအဖွဲ့တို့ရှိပါသည်။ ထိုနည်းတူစွာကျောင်းးအခြေပြုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး အစီအစဉ်တွင်မြို့နယ်အဆင့်ကျောင်းးအခြေပြုဘေးအန္တရာယ်ကျ ရောက်မှုလျော့ပါးရေးစီမံခန့်ခွဲရေးအဖွဲ့(ကျောင်းတိုင်းမှဆရာ/ မ၂ ဦး၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်၃ဦး၊ ပညာရေးမှူး ၁ဦး) နှင့်၊ ကျောင်းတစ်ကျောင်းစီတွင် ကျောင်းသား၂၂ဦးပါဝင်သော ကျောင်းအဆင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ဆင့်ပွားအဖွဲ့တို့ဖွဲ့စည်းထားပါ သည်။

---

၁ နော်ဝေနိုင်ငံကြက်ခြေနီအသင်း၏ကူညီထောက်ပံ့မှုဖြင့်မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသောလုပ်ငန်းအစီအစဉ်

၂ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ကိုပြင်သစ်ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။စီမံခန့်ခွဲမှုများအတွက်ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးဌာနခွဲကိုမြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးဒုက္ခစီမံခန့်ခွဲရေးဌာနအောက်တွင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

၃ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံချက်အကောင်ထည်ဖော်ဆောင်ရွက်မှု လမ်းညွှန်မှုစံသံမှတ်ချက်

## လူထုပါဝင်ဆောင်ရွက်မှုအဆင့်ဆင့်

### ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုအစီအစဉ်

1. ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း (၁၅ – ၂၀ယောက်)
2. ရပ်ရွာလူထုအခြေဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု(CBDRM)ဆင့်ပွားအဖွဲ့ ဖွဲ့စည်းခြင်း (ရွာသူ/သား ၃၀ယောက်၊ အမျိုးသမီး ၅၀%)
3. ရပ်ရွာလူထုအခြေဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုဆင့်ပွားအဖွဲ့အတွက်၅ရက်ကြာ သင်တန်းပေးခြင်း
4. ရွေးချယ်ထားသော ကျေးရွာ/ရပ်ကွက်တွင် ထိခိုက်လွယ်မှုနှင့်စွမ်းဆောင်ရည်စစ်ဆေးခြင်း တွင်ပြုလုပ်ခြင်း
5. ရပ်ကွက်တွင်ကော်မတီခွဲများဖွဲ့စည်းခြင်း (ကယ်ဆယ်ရေး၊ရှာဖွေရေးနှင့်အသက်ကယ်ဆယ်ရေး၊ကြိုတင်သတိပေးစနစ်၊နားလည်မှုအသိပညာမြှင့်တင်ရေး၊ကြိုတင်ပြင်ဆင်ရေး၊ ထိခိုက်မှုလျော့ပါးရေး၊ ကျန်းမာရေး)
6. ကော်မတီတိုင်းတွင် ကြိုတင်ပြင်ဆင် မှုနှင့်ထိခိုက်မှုလျော့ပါးရေးလုပ်ငန်းများ (အစီအစဉ်ရေးဆွဲခြင်း) သတ်မှတ်ခြင်း
7. အကောင်ထည်ဖော်ဆောင်ရွက်ခြင်း

### ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်

1. ရပ်ရွာလူထုအခြေပြုဘေး အန္တရာယ်ကြိုတင်ပြင်ဆင်ရေးအဖွဲ့ဖွဲ့စည်းခြင်း (ကြက်ခြေနီစေတနာ့လုပ်အားရှင်များ)
2. ကနဦးလေ့လာဆန်းစစ်လေ့လာမှုပြုလုပ်ခြင်း
3. ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းခြင်း
4. အဓိကရွာလူကြီးခေါင်းဆောင်များပါဝင် နှင့်ထိခိုက်လွယ်မှုနှင့်စွမ်းဆောင်ရည်စစ်ဆေးခြင်းပြုလုပ်ခြင်း
5. ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များတိုင်ပင်ညှိနှိုင်းဆွေးနွေးအကြံပြုခြင်းများပြုလုပ်ခြင်း
6. လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း
7. အသိပညာမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း
8. လုပ်ငန်းများအကောင်ထည်ဖော်ဆောင်ရွက်ခြင်း
9. ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအားလွှဲပြောင်းပေးအပ်ခြင်း

### ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်

1. ကိုယ်စားလှယ်ဆရာ/မ များရွေးချယ်ခြင်း (ကျောင်းတစ်ကျောင်းလျှင်ဆရာ/မ–၂၁ ယောက်)
2. ဆရာ/မများအား –ကျောင်းအခြေပြုဘေး အန္တရာယ်ကျရောက်နိုင်မှုအကြောင်းသိကောင်း စရာများ သင်တန်းပေးခြင်း
3. ကျောင်းဘေးအန္တရာယ်ကျရောက်နိုင်မှုများ စစ်ဆေးခြင်း
4. ကျောင်းအခြေပြုဘေး အန္တရာယ်စီမံခန့်ခွဲရေး ကော်မတီဖွဲ့ည်းခြင်း (ကျောင်းသူ/သား–၂၁ယောက်)
5. ကျောင်းသူ/သားများအား ကျောင်းအခြေပြုဘေး အန္တရာယ်စီမံခန့်ခွဲရေး သင်တန်းပေးခြင်း
6. ကော်မတီအဖွဲ့ခွဲများဖွဲ့စည်းခြင်း (ရှေးဦးပြုစုခြင်း၊ အသိပညာပြန့်ပွားရေး၊ ကြိုတင်ပြင်ဆင်မှုနှင့် ထိခိုက်မှုလျော့ပါးရေး)
7. ကြိုတင်ပြင်ဆင်မှုများနှင့်ထိခိုက်မှုလျော့ပါး ရေးလုပ်ငန်းများစီစဉ်ခြင်း
8. အကောင်ထည်ဖော်ဆောင်ရွက်ခြင်း

### မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်

1. ဦးတည်ထားသောရပ်ကွက်မှ ကိုယ်စားလှယ်(၆)ဦးရွေးချယ်ခြင်း
2. ကိုယ်စားလှယ်များအားမြို့ပြဘေးအန္တရာယ် လျော့ပါးရေးသင်တန်းပေးခြင်း
3. ရပ်ကွကဘေးအန္တရာယ်ကျရောက်မှုလျှော့ချ ရေးကော်မတီဖွဲ့စည်းခြင်း
4. ကျောင်းဘေးအန္တရာယ်လုံခြုံရေးအဖွဲ့ဖွဲ့စ ည်းခြင်း
5. ဘက်ပေါင်းစုံစစ်ဆေးမှုများပြုလုပ်ခြင်း
6. ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး ကွင်းဆင်လေ့လာမှု/ ကျောင်းအဆင့်အသိ ပညာ မြင့်မားရေးလုပ်ငန်းများပြုလုပ်ခြင်း
7. လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း
8. အကောင်ထည်ဖော်ဆောင်ရွက်ခြင်း

### ရပ်ရွာအခြေပြုဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်

1. ရပ်ရွာအခြေပြုဘေးအန္တရာယ် လျော့ပါးရေး ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း
2. ဘေလူးဏ်ကြုံကြွံခံနိုင်၍ တုံ့ပြန်မှုတည် ဆောက်ကော်မတီများဖွဲ့စည်းခြင်း
3. ဘက်ပေါင်းစုံစစ်ဆေးမှုများပြုလုပ်ခြင်း
4. ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး ကွင်းဆင်လေ့လာမှုများပြုလုပ်ခြင်း
5. လုပ်ပ်ငန်းအစီအစဉ်ရေးဆွဲခြင်း
6. အကောင်ထည်ဖော်ဆောင်ရွက်ခြင်း

ဘေးအန္တရယ်လျော့ပါးရေးအစီအစဉ်တွင် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့(ဒေသခံကြက်ခြေနီ စေတနာ့လုပ်အားရှင်၂၁ဦး)နှင့် ကျောင်းအခြေပြုဘေးအန္တရယ်လျော့ပါးရေးအဖွဲ့ (ကြက်ခြေနီစေတနာ့လုပ်အားရှင် ၇ဦး) တို့ရှိပြီး၊ ရပ်ကွက်/ ကျေးရွာအဆင့်တွင်ရပ်ရွာ/ ကျောင်း ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီကိုဖွဲ့စည်းထားပါသည်။မြို့ပြဘေးအန္တရာယ် လျော့ပါးရေးအစီအတွင်မြို့နယ်အဆင့်ဘေးအန္တရာယ်လျှော့ချရေးကော်မတီ နှင့် ရပ်ကွက်ဘေးအန္တရာယ်လျှော့ချရေးကော်မတီတို့ကိုဖွဲ့စည်းထားပါ သည်။ ယခုအသစ်စတင် လုပ်ဆောင်နေသော ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ကြည့်ကြပ်မှုကော်မတီနှင့်မြို့နယ်ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု ကော်မတီတို့ကိုမြို့နယ် အဆင့်တွင်ဖွဲ့စည်းထားပြီး ကျေးရွာအဆင့်တွင်ရပ်ရွာပြည်သူလူထုလုံခြုံမှုနှင့် ကြံ့ကြံ့ခံနိုင်မှုကော်မတီ ကိုလည်းဖွဲ့စည်းမည်ဖြစ်ပါသည်။

## ရပ်ကွက်/ ကျေးရွာကိုယ်စားလှယ်များကိုအရေးကြီးသောလိုအပ်သောပညာရပ်များအသိပညာများသင် ကြားပို့ချပေးခြင်း

ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးကော်မတီကိုဖွဲ့စည်းပြီးသောအခါအကောင်ထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် အဓိကလိုအပ်သောသင်တန်းများကိုငင်းတို့အားပို့ချပေးပါသည်။ ယနေ့အထိအောက်ပါစွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။

- ဘေးအန္တရာယ်လျော့ပါးလုပ်ငန်းအစီအစဉ်တွင် ရပ်ရွာလူထုအခြေပြုရှေးဦးပြုစုခြင်းသင်တန်းနှင့်၊ ထိခိုက်မှုလျော့နည်းစေရေးစသော ထိခိုက်မှုလျော့နည်းစေရေးအသိပညာတိုးပွားရန်အစီအစဉ်များ (ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊အမိုးအကာနေစရာစီမံခန့်ခွဲမှု၊ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ပျက်စီးဆုံးရှုံးမှုများနှင့် လိုအပ်ချက်များကိုစစ်ဆေးခြင်း၊ မိုးလေဝသကြိုတင်ခန့်မှန်းခြင်းနှင့် ကြိုအသိပေးကြေငြာမှု) CBDRR အဖွဲ့၊ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီနှင့် ရပ်ရွာလူထုအတွက်ပို့ချပေးပါသည်။ ထို့အပြင်ကျေးရွာဘေးအန္တရာယ်စီမံခန့် ခွဲမှုကော်မတီဝင်များအတွက် ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည်စီစစ်ခြင်းသင်တန်းများနှင့်အတူကြက်ခြေနီစေတနာ့လုပ်အားရှင်များ ဆက်သွယ်ရေးနှင့်ဆောင်ရွက်ပံ့ပိုးရေး သင်တန်းများ၊ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီတာဝန်နှင့်အခန်းကဏ္ဍများဆိုင်ရာသင်တန်းများ နှင့်ဘေးအန္တရာယ်အသိပညာတိုးပွားရေးသင်တန်းများကို ပို့ချပေးရပါသည်။ ၂၀၁၂ခုနှစ်အတွင်းတွင်ကျေးရွာပေါင်း(၈၂)ရွာ ခြုံငုံလုပ်ဆောင်ပြီးဖြစ်ပါသည်။ ကျောင်းအဆင့်တွင်ဆရာ/ မများအားဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နှင့်အရေးပေါ်တုန့်ပြန်မှုဆိုင်ရာသင်တန်းများနှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းများကိုပြုလုပ်ပေးထားပါသည်။ ထို့အပြင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များကိုလည်း ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးသင်တန်းများနှင့် မိတ်ဆက်သင်ကြားပို့ချပေးပါ သည်။
- ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှု အစီအစဉ်တွင် ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲရေးဆင့်ပွားအဖွဲ့များအား(၅)ရက်တာကြာမျှ ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ ပါးရေးစီမံခန့်ခွဲမှုသင်တန်းများနှင့် ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်အကဲဖြတ်ခြင်း မိတ်ဆက်သင်တန်းများကို ရပ်ကွက်ကော်မတီခွဲများနှင့်ထပ်မံရွေးချယ်ထားသော ရပ်ကွက်လူထုကိုယ်စားပြုအဖွဲ့ဝင်များအားသင်ကြားပို့ချပေးပါသည်။
- မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင် သင်တန်းနည်းပြများနှင့်ရပ်ကွက်ဘေးအန္တရာယ် လျော့ပါးရေးကော်မတီဝင်များ အတွက်မြို့ပြဘေးအန္တရာယ်စီမံခန့်ခွဲရေးသင်တန်းနှင့် ဘေးအန္တရာယ်လျော့ပါးရေးကွင်းဆင်းဆောင်ရွက်မှုသင်တန်းများ၊ ရပ်ကွက်အတွင်းရှိရွေးချယ်ထားသောကျောင်းတွင် ကျောင်းအဆင့်အသိပညာမြှင့်တင်ရေးသင်တန်းများပြုလုပ်ပေးပါသည်။
- ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်တွင် ကျောင်း အခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်းနှင့် ကျောင်းအခြေပြုဘေး အန္တရာယ်လျော့ပါးရေးဆင့်ပွားသင်တန်းများ ပို့ချအပြီးတွင် ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်အကဲဖြတ်စစ်ဆေးမှုများ ပြုလုပ် ပါသည်။
- ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်အောက်တွင်ဘက်စုံစီစစ်မှုများပြုလုပ် ပြီးသောအခါတွင် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ကြီးကြပ်ရေးကောက်မတီနှင့် ရပ်ရွာလုံခြုံစိတ်ချရမှုနှင့် ကြံ့ကြံ့ခိုင်နိုင်ရည်ရှိမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်များအားရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ကွင်းဆင်းဆောင်ရွက်မှုကို ပံ့ပိုးလုပ်ဆောင်စေပါသည်။

## လူထုပါဝင်မှုဖြင့်ရပ်ကွက်/ ကျေးရွာ၏ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ဆုံးရှုံးနိုင်ခြေတို့ကိုစစ်ဆေးခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင် ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်အကဲ ဖြတ်ခြင်းလက်တွေ့လုပ်ဆောင်မှုသည် ရပ်ရွာအဆင့်တွင်အန္တရာယ်၊ ထိခိုက်ခံရလွယ်မှု၊စွမ်းဆောင်ရည်နှင့်ဘေးအန္တရာယ် ကျရောက်မှုပေါ်တွင် လူထု၏ထင်မြင်ယူဆချက် စသည်တို့ကို စစ်ဆေးလေ့လာစေပါသည်။၎င်းလုပ်ငန်းစဉ်တွင်ဦးတည် ထားသောလူထုကိုပါဝင်စေခြင်းဖြင့် ၎င်းတို့၏ပတ်ဝန်းကျင်အခြေအနေကိုကောင်းမွန်စွာသိရှိနားလည်လာပြီး ပတ်ဝန်းကျင်တွင်ရှိသောဖြစ်နိုင်ခြေရှိသည့်အန္တရာယ်များ၊ ဘေးအန္တရာယ်ကျရောက်နိုင်မှုများ၊ထိခိုက် နိုင်သောအရာဝတ္ထုများနှင့်ဘေးကင်းရာနေရာများကိုဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။လေ့ကျင့်သင်ကြားပေးထားပြီးသော ရပ်ကွက်ပြည်သူများ ဦးဆောင်၍ စုံစမ်းမှုများ၊ သတင်းအချက်အလက်များ ကောက်ယူစစ်ဆေးရာတွင် မြို့နယ်ကြက်ခြေနီအသင်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့်လုပ်ကိုင်ရပါသည်။ တွေ့ရှိချက်များကိုမြေပုံများ၊ အစီရင်ခံစာများပုံစံဖြင့်တင်ပြထားပြီး ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များ ချမှတ်ရေးဆွဲနိုင်ရန်ကျမ်းကိုးအဖြစ်အထောက်အကူပြုစေပါသည်။ ခန့်မှန်းခြေအားဖြင့် ကျေးရွာရပ်ကွက်(၆၂)ခုတွင်ဘေးအန္တရာယ်လျော့ပါးရေးစစ်ဆေးမှုလက်တွေ့လုပ်ငန်းများပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သည် အိမ်ထောင်စုအဆင့်ဘေးအန္တရာယ်ကျရောက်မှုကြိုတင်ကာကွယ်ရေး ဆန်းစစ်မှု(သို့)အိမ်ထောင်စုဆိုင်ရာစစ်ဆေးမှု မေးခွန်းလွှာများဖြင့် လူထုပါဝင်သည့်ဆန်းစစ်မှုကိုပြုလုပ်ခဲ့ပါသည်။ထိခိုက်ခံရလွယ်မှုနှင့်စွမ်းဆောင်ရည် အကဲဖြတ်စစ်ဆေးမှုများ၏ရလဒ်ပေါ်တွင်မူတည်၍ သတ်မှတ်ထားသော ကျေးရွာတွင်ထိခိုက်ခံရလွယ်မှုအများဆုံးသော အိမ်ထောင်စုတို့၏ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု များနှင့်နားလည်ပြင်ထားရှိမှုအဆင့်ပေါ်တွင်မူတည်၍ သုံးသပ်ပါသည်။ ၂၀၁၂ ခုနှစ် အကုန်တွင်စီမံချက်အောက်ရှိ အိမ်ခြေပေါင်း(၃၀၀၀)ကျော်ကို စစ်ဆေးပြီးဖြစ်ပါသည်။

၎င်းလုပ်ဆောင်မှုသည်ကျေးရွာလူထုအတွက်အိမ်ထောင်စု အဆင့်ကြိုတင်ပြင်ဆင်မှုများထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် နောက်ဆက်တွဲပြုလုပ်ကျင်းပပေးသည့် ဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးအစီ အစဉ်များကိုများစွာအထောက်အကူပြုလမ်းညွှန်ပေးပါသည်။ထိခိုက်ခံရလွယ်မှု နှင့်စွမ်းဆောင်ရည်အကဲဖြတ်စစ်ဆေးမှု (VCA)ကိုအထူးသဖြင့်ရပ်ရွာအခြေပြုဘေးအန္တရာယ် လျော့ပါးရေးစီမံခန့်ခွဲမှု အစီအစဉ်၊ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်နှင့် ဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်များတွင် အသုံးပြုပြီးအသစ်လုပ်ဆောင်နေသော မြို့ပြဘေးအန္တရာယ်လျော့ပါးရေး နှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များတွင် (VCA) အစား ဘက်ပေါင်းစုံအကဲဖြတ်စစ်ဆေးခြင်း၊ကျေးရွာ/ ရပ်ကွက်အဆင့်ရှိဘေးအန္တရာယ်ကျရောက်နိုင်မှုအလုံးစုံကိုသိရှိနိုင်ရန်အသုံး ပြုပါသည်။ဘက်ပေါင်းစုံစစ်ဆေးအကဲဖြတ်ခြင်း သင်တန်းတွင်ဘေးအန္တရာယ်လျော့ပါးရေး ကွင်းဆင်းဆောင်ရွက်မှုကို၃ရက်ကြာမျှ ထည့်သွင်းသင်ကြားပေးပြီး၎င်း ဆောင်ရွက်မှုသည်ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု အသိပညာမြှင့်တင်ရေးနှင့်ကျွမ်း



ရပ်ကွက်ပြည်သူများ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များအကူအညီဖြင့် (VCA) ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်အကဲဖြတ်စစ်ဆေးမှုများပြုလုပ်နေကြပုံ

ကျင့်မှုဆိုင်ရာမြှင့်တင်ရေးသင်တန်းများကိုခြုံငုံမိပါသည်။ VCA နှင့် နှိုင်းယှဉ်ရာတွင်ဘက်ပေါင်းစုံအကဲဖြတ်စစ်ဆေးမှုသည် စီမံချက်လုပ်ငန်းအစီအစဉ်၏ ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် ပတ်သက်သည့် အားနည်းချက်များကို လည်းသိရှိရုံမျှမကကျန်းမာရေးနှင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများနှင့် ပတ်သက်သည့်အားနည်းချက်များကိုစစ်ဆေးရရှိစေနိုင်ပါသည်။

## လူထုပါဝင်မှုဖြင့်ရပ်ကွက်/ ကျေးရွာအဆင့်လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေး ဌာန၏စီမံချက်လုပ်ငန်းများ၏အဓိက ကွဲပြားခြားနားချက်မှာ ရပ်ရွာအဆင့်လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် ရပ်ရွာလူထုနှင့်ဆက်ဆံဆောင်ရွက်မှုဖြစ်သည်။ ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များတည်ရှိရာ ကျေးရွာများတွင်ကျေးရွာ ဘေးအန္တရာယ်လျော့ပါးရေး စီမံခံခဲမှုကော်မတီကိုကျေးရွာ တိုင်းတွင်ရွာခေါင်းဆောင်လူကြီး(၅)ယောက် ပါဝင်သောဘုတ်အဖွဲ့များ နှင့်ဖွဲ့စည်းထားပါသည်။ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီက တိုင်ပင်ဆွေးနွေးအကြံပြုဆက် လုပ်သည့်အဓိကအစီအစဉ်များတွင် VCAစစ်ဆေးမှုရလဒ်(ဘေးအန္တရာယ်များ၊ ထိခိုက်ခံရလွယ်မှုနှင့်စွမ်းဆောင်ရည် လိုအပ်ချက်များ) များပေါ်တွင်ခြေခံ၍ ရပ်ရွာအတွင်း ဦးစားပေးလုပ်ဆောင်ရမည့်အချက်များနှင့် ထိခိုက်မှုလျော့ပါးရေး လုပ်ငန်းအဓိက အစီအစဉ်များကိုရေးဆွဲကြပါသည်။ လုပ်ကိုင်ဆောင်ရွက်ရန် အစီအစဉ်များတွင် ကြုံတွေ့ရသော ဘေးအန္တရာယ်များ၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီခွဲ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ရရှိနိုင်သော အရင်းအမြစ်စာရင်းများ၊လုပ်ဆောင်ရမည့်အရေးပေါ်လုပ်ငန်းများ လုပ်ဆောင်မည့်ဒေသဆိုင်ရာ အဖွဲ့အစည်းများစသည်တို့ကိုအသားပေး ဖော်ပြထားပါသည်။ အလားတူလုပ်ငန်းများကို အသစ်လုပ်ဆောင်သော မြို့ပြဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များတွင်လည်းတွေ့ရှိရပါသည်။ရပ်ကွက်အဆင့်တွင် ရပ်ကွက်ဘေးအန္တရာယ်လျော့ပါးရေးကော်မတီသည် ရပ်ကွက်လူထုနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ရပ်ကွက်လုပ်ငန်းဆောင်တာ အစီအစဉ်များကိုရေးဆွဲခြင်းနှင့်အကောင်ထည်ဖော်ခြင်းတို့ကို အဓိကထားတာဝန်ယူရပါသည်။

ထိုလုပ်ငန်းအစီအစဉ်များတွင် ရပ်ရွာဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု အစီအစဉ်များသည် ဘေးအန္တရာယ်လျော့ပါးရေးနှင့် မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များ မတူညီသည့်အချက်မှာ ကျေးရွာအဆင့်တွင် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခြင်းမပြုဘဲ ရပ်ရွာဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု ဆင်းပွားအဖွဲ့အောက်တွင် အဖွဲ့ဝင်(၅)ဦးပါဝင်သော ကော်မတီအဖွဲ့ခွဲကိုတိုက်ရိုက်ဖွဲ့စည်းထားပါသည်။ ကော်မတီများသည်မတူညီသော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း များဖြစ် သည့် ကယ်ဆယ်ရေး၊ ထိခိုက်ခံရသောသူများအားရှာဖွေရေး နှင့် ကယ်ဆယ်ရေး၊ ကြိုတင်သတိပေးခြင်း၊ သတိပြုနားလည်မှုများမြှင့်တင် ခြင်း၊ ကြိုတင်ကာကွယ်ရေးနှင့်ကျန်းမာရေး စောင့်ရှောက်မှု၊ထိခိုက်မှု လျော့နည်းစေရေးစသည့် လုပ်ငန်းများပေါ်မူတည်၍ဖွဲ့စည်းထားပါသည်။ကော်မတီခွဲတိုင်းကမိမိတို့ လုပ်ဆောင်မည့်လုပ်ငန်းအစီအစဉ်များ ကို ရေးဆွဲရပြီး ကွင်းဆင်းဆောင်ရွက်နေသူများကို စီမံကွပ်ကဲရပါသည်။ ထိုလုပ်ငန်းအစီအစဉ်များမှာကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ထိခိုက် မှုလျော့ပါးရေး တိုင်းတာမှုလုပ်ငန်းများ၊ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်လေ့လာစစ်ဆေးခြင်းမှရရှိသောတွေ့ရှိချက်များအရလုံခြုံစိတ်ချရသောနေရာများရှာဖွေခြင်း၊ အခြေခံသတိပေးစနစ်များတပ်ဆင်ခြင်းစသည်တို့ဖြစ်သည်။

## ရပ်ကွက်/ ကျေးရွာအဆင့်လုပ်ငန်းအစီစဉ်များကိုအကောင်ထည် ဖော်ဆောင်ရွက်ခြင်း

ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ကျေးရွာဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီတိုင်းကို ဆပ်ကော်မတီခွဲများခွဲပြီးအရေးပေါ်လုပ်ငန်းဖြစ်သည့် ထိခိုက်မှုလျော့နည်းရေး၊သတင်းအချက်အလက်နှင့်ပြန်ကြားရေး၊တုန့်ပြန်မှု၊ပြန်လည်ထူထောင်ရေး၊ စသည့်လုပ်ငန်းများကိုလုပ်ဆောင်ကြသည်။ကော်မတီခွဲတိုင်း၏အခန်းကဏ္ဍနှင့် တာဝန် များကိုရှင်းလင်းပြတ်သားစွာအစီအစဉ်များရေးဆွဲထားသောကြောင့်ရှုပ်ထွေးမှု များနှင့်လုပ်ငန်းအစီအစဉ်ထပ်ခြင်းများကိုရှောင်ရှားနိုင်သည်။အကောင်ထည် ဖော်လုပ်ငန်းများကိုပိုမို၍ကူညီထောက်ပံ့သည့်ရန် ဘေးအန္တရာယ်ကျရောက်မှုလျော့ချရေးသေတ္တာများကိုဦးတည်ထားသောရပ်ရွာများတွင်ဖြန့်ဝေခဲ့ပါသည်။ ၎င်းသေတ္တာထဲတွင် ကြိုတင်သတိပေးသည့်ကိရိယာနှင့် အတူ အိမ်သုံးပစ္စည်းများ ဖြစ်သည့်စောင်၊မီးဖိုချောင်သုံးပစ္စည်းများ၊)ပြန်ကြားရေးနှင့်ဆက်သွယ်ရေးပစ္စည်းများဖြစ်သည့်ရေဒီယို၊ လက်ကိုင်စကားပြောခွက်၊ အစရှိသည့်ပစ္စည်းများပါဝင်ပါသည်။



မြို့နယ်အရေးပေါ်သုံးပစ္စည်းများထည့်ထားသည့်သေတ္တာကို ရပ်ရွာလူထုအားပေးအပ်နေစဉ်

ထိုပစ္စည်းကိရိယာများ[၄]သည် ပြည်သူလူထုကိုဘေးအန္တရာယ်ထိခိုက်ခံရပြီး ပြင်ပကယ်ဆယ်ရေးအကူအညီများမလာခင် ရင်ဆိုင်ဖြေရှင်းနိုင်ရန် နှင့်ဘေးအန္တရာယ်ထိခိုက်မှုလျော့ပါးရေးနှင့် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ဝေငှပေးခြင်းဖြစ်ပါသည်။အစီအစဉ်ပြီးမြောက်သွားသောအခါတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတာဝန်များကို ကျေး ရွာဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီအား လွှဲပြောင်းပေးရန်ရည်ရွယ်ပြီး ၎င်းတို့မှ ဆက်လက်၍ဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းများနှင့် အစီအစဉ်များပုံမှန်စစ်ဆေးကြည့်ရှု၍ပြင်ဆင်ရေးဆွဲကာ လုပ်ငန်းများကို တာဝန်ယူလုပ်ဆောင် သွားမည်ဟုယူဆပါသည်။ အခါအားလျော်စွာ ကြက်ခြေနီစေနာ့လုပ်အားရှင်များကပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ထောက်ပံ့မှုမှာ ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုအစီအစဉ်တွင်လုပ်ရမည့်လုပ်ငန်းအစီစဉ်များကို သက်ဆိုင်ရာမြို့နယ်အသင်းခွဲများနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏အကူအညီဖြင့်ရပ်ရွာလူထုကော်မတီခွဲများက တာဝန်ယူပြီးလုပ်ဆောင်ပါသည်။ ထိခိုက်မှုလျော့ပါးရေးနှင့်ဆိုင်သာလုပ်ငန်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်သိသာထင်ရှားသော လူထုပါဝင်မှုနှင့်အတူအဆောက်အဦးဆိုင်ရာ နှင့် အဆောက်အဦးနှင့်မဆိုင်သောပြင်ဆင်မှုများပါဝင်ပါသည်။ ဒေသထွက်အရင်းအမြစ်များ အသုံးပြုခြင်း ကိုဦးစားပေးလုပ်ဆောင်ပါသည်။ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် နှင့် နှိုင်းယှဉ်ရာတွင်အဓိကမတူညီမှုနှစ်ခုရှိရာ ပထမတစ်ခုမှာ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု အစီအစဉ် သည်ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်လုံခြုံစိတ်ချစေနိုင်သော၊ လုပ်ငန်းများ တိုးတက်စေရန်လုပ်ငန်းများအကောင်ထည်ဖော်ဆောင်ရွက်စဉ် တစ်လျှောက် လုံးတွင်လူထုပါဝင်ဆောင်ရွက်သောစောင့်ကြည့်လေ့လာခြင်းနှင့်၏အကဲဖြတ်စစ်ဆေးခြင်းကို လုပ်ဆောင်ပါသည်။ ဒုတိယအနေနှင့်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုအစီအစဉ်တွင် ဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်ကဲ့သို့အဆုံးသတ်တွင်မည်သို့ထွက်မည်ဟူသည့် ယေဘုယျနည်းဗျူဟာလုပ်ငန်းစဉ်မရှိခြင်းဖြစ်ပါသည်။

## ကျောင်းအဆင့် ဘေးအန္တရယ်လျော့ပါးရေးလုပ်ငန်းများကို လူထုပါဝင်မှုဖြင့်ဆောင်ရွက်ခြင်း

ကျောင်းအဆင့်တွင်လူထုပါဝင်လာစေရန်စည်းရုံးရာ၌ ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သည် မြို့နယ်(၁၀)မြို့နယ်မှ အလယ်တန်းကျောင်း(၁၀)ကျောင်းနှင့် အထက်တန်းကျောင်း(၁၀)ကျောင်းကို ဦးတည်ထားပါသည်။ ရွေးချယ်ထားသောကျောင်းတစ်ကျောင်းစီ မှာဆရာ/ မ (၂) ယောက်စီကိုကျောင်းအုပ်ဆရာကြီးက အဆိုပြုအဆိုပြုထောက်ခံချက်ဖြင့်ရွေးချယ်ပါသည်။ ၎င်းတို့အားအခြေခံရှေးဦးပြုစုခြင်း သင်တန်း၊ဘေးအန္တရာယ်ကြိုတင်ကာကွယ်ပြင်ဆင် ထားမှုနှင့်တုန့်ပြန်မှုပညာပေးသင်တန်းနှင့်ကျောင်းဘေးအန္တရာယ်လျော့ပါးရေးပြင်ဆင်မှုအစီအစဉ်ချမှတ်ခြင်းစသည့်သင်များကိုပို့ချပေးပါသည်။ နောက်ထပ်လုပ်ငန်းဆောင်တာဖြစ်သည့် ကျောင်းဘေးအန္တရာယ်ကျရောက်နိုင်မှုစစ်ဆေးခြင်းတွင် မြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ ကြီးကြပ်မှုအောက်တွင် ကျောင်းသူ/ သားများနှင့်ဆရာ/ မများပါဝင်စေပါသည်။ ထိုလုပ်ဆောင်မှုတွင်ကျောင်းပေါင်း၂၀မှကျောင်း သူ/ သားပေါင်း၂၀၀၀၀ကဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ဆုံးရှုံးနိုင်ခြေကိုသတ်မှတ်ဖော်ထုတ်ပုံ၊ ၎င်းတို့ကိုလျော့ပါးအောင်ပြုလုပ်ပြီး ဘေးအန္တရာယ်ကျရောက်မှုမှအကောင်းဆုံး ကာကွယ်ထားနိုင်ပုံတို့ကိုသင်ကြားလေ့လာရပါသည်။

ကျောင်းသူ/ သားမိဘအုပ်ထိန်းသူများအတွက်လည်း ကျောင်းသူ/ သားများထံမှဘေးအန္တရာယ်ကျရောက်နိုင်မှုနှင့် ၎င်းဘေးအန္တရာယ်ကျရောက်နိုင်မှုများပြုလုပ်ရန်လိုအပ်သောဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အသိပညာဗဟု

၄ အရေးပေါ်သတိပေးခြင်းပစ္စည်းကိရိယာများကိုသတ်မှတ်ဖော်ထုတ်ခြင်းသည်ဗဘားအန္တ ထိခိုက်နိုင်မှုနှင့်စွမ်းဆောင်ရည်လေ့လာဆန်းစစ်ချက် (ဠဃဗ) လက်တွေ့လေ့ကျင့်ခန်း၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။

သုတများတိုးပွားလာပါသည်။ အချို့သောဖြစ်ရပ်များတွင်ကျောင်းသား/ သူ၏ မိဘများကပါဘေးအန္တရာယ်ကျရောက်နိုင်ခြေများကို လျှော့ချသည့်ကလုပ်ငန်း ဆောင်တာများတွင်အားတက်သရောပါဝင်သည်ကိုတွေ့မြင်ရသည်။ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်း များမှအခြေခံဘေးအန္တရာယ်လျော့ပါး ရေးဆိုင်ရာကျွမ်းကျင် မှုရရှိထားပြီးသောကိုယ်စားပြု ကျောင်းဆရာ/မ များ၏ ကြည့်ကြပ်မှုဖြင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆင့်ပွားအ ဖွဲ့ကိုကျောင်းသူ/သား ၂၂ ယောက်ဖြင့် ဘေးအန္တရာယ်ကျရောက်မှုကြိုတင် ကာကွယ်ရေးနှင့် အရေးပေါ်တုန့်ပြန်မှုလုပ်ငန်းများ ညှိနှိုင်းလုပ်ဆောင် နိုင်ရန်ဖွဲ့စည်းထားပါသည်။ ထိုကျောင်းသူ/သားများကိုဖြစ်မြောက်အောင် ပံ့ပိုးကူညီသူများအဖြစ် သတ်မှတ်ထားပြီး ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်၍ သတိပြုနားလည်မှုမြှင့်တင်ရေးသင်တန်းများရထားပြီးသားဖြစ်ပါသည်။ ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆင့်ပွားအဖွဲ့ကို ကော်မတီခွဲများထပ်ခွဲထားရာ၄င်းတို့မှာ ရှေးဦးပြုစုခြင်း၊ သတိပြုနားလည်မှု၊ကြိုတင်ကာကွယ်မှုနှင့်ထိခိုက်မှုလျော့နည်းရေး တို့ဖြစ်ပါသည်။ ၄င်းတို့သည် ယခင်ဘေးအန္တရာယ်ကျရောက်ချိန်တွင်ကြုံတွေ့ခဲ့ရသော အဓိကအခက်အခဲများပေါ်တွင် မူတည်၍ကျောင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု အစီအစဉ်များချမှတ်ရာတွင်တာဝန်ယူရပါသည်။

ပုံ ၂။ ရပ်ကွက်/ကျေးရွာအဆင့်တွင် လူထုပါဝင်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်

ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့ဖွဲ့ဆည်းခြင်း

သင်တန်းပေးခြင်း

ကျောင်းအတွင်းဘေးအန္တရာယ်ကျရောက်နိုင်မှုများကိုစစ်ဆေးခြင်း

ကျောင်းအတွင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုလုပ်ငန်းများစီစဉ်ခြင်း

လုပ်ငန်းများဆောင်ရွက်ခြင်း[၅]

ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်အောက်ရှိ ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအပိုင်းသည်လည်းလက်ဦးဖော်ပြထားသောလုပ်ငန်းစဉ်များနှင့်အလားတူ ကျောင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုစီမံချက်များသည်ကျောင်းသူ/သားများနှင့်ဆရာ/မတို့၏အသိပညာ တိုးမြင့်ရေးကို အဓိကထားဦးစားပေး၍ဆောင်ရွက်ပါသည်။ စီမံချက်အစီအစဉ်၏အကြံပြုချက်များပေါ်တွင်အခြေခံလျက်ရွေးချယ်ထားသော ကျောင်းတိုင်တွင် သဏ္ဍာန်တူလေ့ကျင့်ခန်းများပြုလုပ်ပါသည်။ ထို့အပြင်ထပ်မံ၍သင်ကြားမှု အထောက်ကူပစ္စည်းများ(ဘေးအန္တရာယ်ကျ ရောက်နယ်မြေကစားနည်း၊ ကစားနည်းနံပါတ် (၂) စာအုပ်နှင့်ဘေးအန္တရာယ်ကျရောက် မှုကြိုတင်ပြင်ဆင်ခြင်းနှင ့်တုန့်ပြန်ခြင်း ဆိုင်ရာပညာပေးရင်းမြစ်လက်စွဲ (resource pack)၊ နှင့် အရေးပေါ်ပစ္စည်း များ(အခြေခံရှေးဦးပြုစုခြင်း သေတ္တာ၊လက်ကိုင်စကားပြောခ ွက်၊ခေါင်းလောင်း၊ မီးသတ်ပိုက်)စသည်များကိုရွေးချယ်ထားသော ကျောင်းများသို့ရောက်ရှိအောင်ဖြန့်ဝေပါသည်။

ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအစီအစဉ်အောက်တွင် ကျောင်းအဆင့်စစ်ဆေးမှုမှုများပြုလုပ်ခဲ့ရာဦးတည်ထားသောကျောင်းပေါင်း၅၈၀ တွင်ပြီးစီးနေပြီဖြစ်ပါသည်။ ၂၀၁၂ခုနှစ်အထိကျောင်းပေါင်း(၈၀)တွင်ကျောင်းဘေးအန္တရာယ်လျော့ပါးရေးကြိုတင်ပြင်ဆင်မှုအစီအစဉ်များချမှတ်ထားပြီး၄င ်းစီမံချက်များ ကို ကျောင်းစာသင်ခန်းနံရံများတွင် ကားချပ်များဖြင့် ပြသထားကာကျောင်းအတွင်းအတည်ပြုမှုကိုရယူရပါသည်။

## ကူညီထောက်ပံ့ပေးသောအကြောင်းအရာများ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လက်ရှိလုပ်ဆောင်နေသောအစီအစဉ်များတွင်အဓိကကျသည်ဟုယူဆထားသောလူထုပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းကိုကူညီထောက်ပံ့ပေးသောအချက် များမှာအောက်ပါအတိုင်းဖြစ်သည်။

- **မြန်မာနိုင်ငံကြက်ခြေနီအသင်းဖွဲ့စည်းတည်ဆောက်ပုံ**
  လက်ရှိမြန်မာနိုင်ငံကြက်ခြေနီအသင်း ဖွဲ့စည်းတည်ဆောက်ပုံတွင်အစိုးရဝန်ထမ်းများ၊ပြည်နယ်နှင့်တိုင်းအုပ်ချုပ်ရေးမှူးများနှင့်ရပ်ကွက်အုပ်ချုပ် ရေးများပါဝင်နေသောကြောင့်ရပ်ရွာ/ရပ်ကွက်ထဲသို့ဝင်ရောက်ခွင့်ကို ရှည ်လျားသောတရားဝင်ခွင့်ပြုချက်များတောင်းခံစရာမလိုအပ်ဘဲလွယ်ကူလျှ င်မြန်စွာရရှိနိုင်ပါသည်။မြန်မာနိုင်ငံကြက်ခြေနီအသင်း၏နှစ်ရှည်လပေါင်းများစွာတည်ရှိနေပြီးဖြစ်သော ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့်လုပ်ရှားမှုသမိုင်းကြောင်းများကြောင့် စီမံချက်နေရာများကိုပြည်သူလထုက ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ အခန်းကဏ္ဍနှင့်လုပ်ဆောင်မှုများကိုကောင်းစွာနားလည်ပြီးသားဖြစ်ကာ လူထုပါဝင်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများတွင်စိတ်အားထက်သန်စွာတထပ်တအားပါဝင်ကြပါသည်။
- **ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏တာဝန်ရှိမှု**
  ကြက်ခြေနီစေတနာ့လုပ်အားရှင်များကိုယ်တိုင်ကလည်း ရပ်ရွာ၏တစ်စိတ်တစ်ပိုင်းဖြစ်နေသောကြောင့် ရပ်ကွက်အတွင်းရပ်ရွာလူ ထုပါဝင်လှုပ်ရှားအောင်ဆော်ဩစည်းရုံးရာတွင် အခက်အခဲမရှိပဲ ရပ်ရွာပြည်သူလူထုက အလွယ်တကူမြန်ဆန်စွာလက်ခံခြင်းဖြစ်သည်။
- **ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ဒေသန္တရဗဟုသုတ**
  မြို့နယ်တစ်မြို့နယ်၊ ကျေးရွာတစ်ရွာ၊ရပ်ကွက်တစ်ခု(သို့) ကျောင်းတစ်ကျောင်းတွင်ဖြစ်ပါစေစီမံခန့်ခွဲမှုနှင ့်အကောင်ထည်ဖော်လုပ်ငန်းများအတွက်နယ်ခံကြက်ခြေနီစေတနာ့လုပ်အားရှင်များကိုရွေးချယ်ပါသည်။ ၄င်းတို့၏နေရာဒေသနှင့်ရပ်ရွာလူထုရင်းနှီးကျွမ်းဝင်မှု သည်လူထုနှင့်ဆက်ဆံရာတွင်လည်ကောင်း၊ဌာနဆိုင်ရာအာဏာပိုင်များနှင့်နှီးနှောရာတွင်လည်ကောင်း၊ ဆန်းစစ်စစ်ဆေးမှုများကဲ့သို့သောလုပ်ငန်းများလုပ်ဆောင်ရာတွင်လည်ကောင်းလွယ်ကူချောမွေ့စေပါသည်။
- **ဒေသဆိုင်ရာအာဏာပိုင်များနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း**
  စီမံချက်လုပ်ငန်းများတွင် မပါမဖြစ်ပါဝင်လုပ်ဆောင်သူများအား ဆော်ဩစည်းရုံးရာတွင် ကြက်ခြေနီစေတနာ့လုပ်အားရှင်များကဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ပါဝင်မှုအားကောင်းစေရန် သတင်းအချက်အလက်များဝေမျှခြင်းနှင့်ဆွေးနွေးတိုင်ပင်ခြင်း တို့ကိုအထူးသဖြင့်စီမံချက်လုပ်ငန်းအစီအစဉ်များချမှတ်ခြင်းနှင့်ဆုံးဖြတ်ချခြင်းတို့တွင်လုပ်ဆောင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့်ဒေသဆိုင်ရာအာဏာပိုင်များကဘေးအန္တရာယ်လျော့ပါးရေး ပတ်သက်သောအကြောင်းအရာများနှင့်လုပ်ငန်းဆောင်တာများ အပေါ်တွင်ပိုင်ဆိုင်မှုကို ပိုမိုခံစားရပြီးပြည်သူလူထုပါ ဝင်လုပ်ကိုင်မှုပိုမိုအားကောင်းလာစေရန်လည်းတွန်းအားပေးစေပါသည်။
- **လူထု၏စိတ်အားထက်သန်မှု**
  လူထု၏စိတ်အားထက်သန်စွာပါဝင်မှုသည် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်အကျိုးထိရောက်မှု ရှိရန်အဓိကကျသောအချက်တစ်ချက်ပင်ဖြစ်ပါသည်။ဤဖြစ်ရပ်လေ့လာမှုတွင်ဖော်ပြထားသည့်အတိုင်း

၅ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်အဆင့်၃ ကိုကျောင်းမရွေးချယ်ခင်တွင်စတင်သည်။ ကျောင်းအသင်းဝင်နှင့်ရပ်ရွာလူအဖွဲ့ ဝင်များပါဝင်မှုသည်ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်နည်းအလားတူပါသည်။

စီမံချက်လုပ်ငန်းများအကောင် ထည်ဖော်ဆောင်ရွက်ရာအဆင့် ဆင့်တွင် လူထုပါဝင်မှုသည်အဓိကအရေးကြီးဆုံးသောအချက်တစ်ခုဖြစ်ပါသည်။

စီမံချက်အကောင်ထည်ဖော်ခြင်းအဆင့်ဆင့်တွင် လူထုကငင်းတို့၏ အချိန်နှင့်အရင်းအမြစ်များကိုမျှဝေရန်ဆန္ဒမရှိပါက စီမံချက်လုပ်ငန်း အစဉ်သည်အကျိုးရလဒ်နည်းပါးကာရည်ရှည်အောင်မြင်တည်တ ံ့မှုရရှိမည်မဟုတ်ပေ။



ကျောင်းတွင်ကျောင်းသား/သူများ သဏ္ဍာန်တူလေ့ကျင့်နေကပုံ

## ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှစီမံချက်အစီအစဉ်များလုပ်ရာတွင်ကြုံတွေ့ရသော အခက်အခဲများနှင့် ကျော်လွှားခဲ့ရပုံများကိုအောက်ပါအတိုင်း အကျဉ်းခြုံး၍ဆွေးနွေးထားပါသည်။

- ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင် ကြုံတွေ့ရသောအခက်အခဲတစ်ခုမှာတစ်မြို့နယ်လျှင်တစ်နှစ်နှုန်းနှင့် အကောင်ထည်ဖော်လုပ်ဆောင်ချိန်ကန့်သတ်ထားသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် အသစ် ဖြစ်နေသောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင်လူထုအားလုပ်ငန်းနှင့်ရင်းနှီးကျွမ်းဝင်ခွင့်ကိုတစ်နှစ်တာ ကာလအတွင်း လုံလောက်မှုမရှိပါ။ ထို့ကြောင့်ရလဒ်အနေနှင့်စီမံချက်လုပ်ငန်းများနှင့်ရင်းနှီးကျွမ်းဝင်ရန်ရန် အချိန်မရသဖြင့် လူထု၏စိတ်ဝင်စားမှုကိုမရရှိနိုင်သည့်အပြင်ဒေသဆိုင်ရာစွမ်းဆောင်ရည်မှာ လည်းလုံလောက်စွာတိုးတက်လာခြင်းမရှိနိုင်ပေ။
- ဒေသဆိုင်ရာလူထုက လုပ်ငန်းအစီအစဉ်များတွင် သက်ဆိုင်သူအဖြစ် ပါဝင်ရန် ယုံကြည်မှုကင်းမဲ့ရခြင်းမှာ ယခင်ကဆိုးရွားသောအဖြစ်အပျက်များ (ဆက်လက်အရေးယူဆောင်ရွက်မှုအားနည်းခြင်းစသည်ဖြင့်) ကြုံတွေ့ဖူး ခြင်းနှင့်ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှုပြုလုပ်လေ့မရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်၄င်းတို့၏ပါဝင်မှုသည်သင့်တော်သောလုပ်ငန်းစဉ်များတည်ဆောက်အကောင်ထည်ဖော်နိုင်ရန်အရေးပါကြောင်း ရပ်ရွာလူထုကိုယုံကြည်အောင်လုပ်ရန်မှာအခက်အခဲများရှိနိုင်ပါသည်။
- တစ်ခါတစ်ရံတွင်ရပ်ရွာလူထုက လူငယ်စေတနာ့လုပ်အားရှင်များအားလက် ခံမှုနည်းပါးသည်ကိုတွေ့ရပါသည်။ အကြောင်းအရင်းမှာ ၄င်းတို့၏အသက်နှင့်တွေ့အကြုံပေါ်တွင် ယုံကြည်မှုမရှိသောကြောင့်ဖြစ်သည်။ ထို့အပြင်၄င်းတို့၏ ကိုယ်ရည်ကိုယ်သွေးနှင့် အမူအယာများသည် ၄င်းတို့ကိုစေတနာ့လုပ်အားရှင် အဖြစ်လက်ခံရာတွင် အတားအဆီးတစ်ခုဖြစ်စေပါသည်။
- အချို့သောစီမံချက်နေရာဒေသများမှာအလွန်ဝေးကွာလှပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းမရှိပေ။ဤအချင်းအရာကား စီမံကိန်းတည်ရှိရာနေရာဒေသများသို့ မကြာခဏသွားရောက်ကြည့်ရှုခြင်းကို တားဆီးထားပြီး၄င်းဒေသမှ ဒေသခံလူများနှင့်သိကျွမ်းဝင်မှုနှင့်ယုံကြည်မှုကို လျော့နည်းစေပါသည်။
- ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင် ကျေးရွာဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီကို ရပ်ကွက်/ကျေးရွာရှိဝအိမ်မှူး၊ ရွာအုပ်ချုပ်ရေးမှူးစသည့်တိကျသော ရာထူးတာဝန်ရှိသူများ နှင့်ဖွဲ့စည်းထားရာအများစုမှာ အမျိုးသားများဖြစ်ကြသည်။ မြန်မာနိုင်ငံကဲ့သို့အမျိုးသားလွှမ်းမိုးသော နိုင်ငံအတွက်ကျေးရွာဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုကော်မတီတွင် အမျိုးသမီးပါဝင်မှုစေရန်မြှင့်တင်ရာ၌ အခက်အခဲများတွေ့ရခြင်းမှာမြို့နယ်နှင့် ကျေးရွာအဆင့်တွင် အုပ်ချုပ်ရေးမှူးရာထူးကို အမျိုးသမီးခန့်အပ်ထားရှိမှုမှာ အနည်းငယ်မျှသာ(သို့) မရှိသလောက် ရှားသောကြောင့်ဖြစ်ပါသည်။

## သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ

- ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ထိရောက်သော ညှိနှိုင်းဆက်သွယ်မှုသည်၎င်းတို့၏ကူညီပံ့ပိုးမှုနှင့်ပါဝင်မှုကိုထိန်းထားနိုင်သောအဓိကအချက်တစ်ခုပင်ဖြစ်ပါသည်။

- ရပ်ရွာအဆင့်လုပ်ငန်း အစီအစဉ်များရေးဆွဲရာတွင် လူထု၏ဘေးအန္တရာယ်အားရင်ဆိုင်ဖြေရှင်းနိုင် နှင့်ပတ်သက်၍တည်ရှိပြီးအတွေ့အကြုံ၊ဗဟုသုတတို့ကိုဦးစားပေးထည့်သွင်းရေးဆွဲရသည်။

- စေတနာ့လုပ်အားရှင်များရွေးချယ်ရာတွင် ရပ်ရွာလူထုပါဝင်စေခြင်းဖြင့်၎င်းစေတနာ့ရှင်တို့၏ စွမ်းဆောင်ရည်ကိုသိရှိလာနိုင်ပြီးကျေးရွာလူထု၊အထူးသဖြင့်ရပ်မိရပ်ဖတို့၏လက်ခံမှုကိုလည်းရရှိနိုင်ပါသည်။

- လူထုပါဝင်မှုများလေလေ၎င်းတို့၏ စွမ်းဆောင်ရည်မြင့်တက်လာနိုင်ပြီး၊အကျိုးကျေးဇူးခံစားရမှုလည်း တိုးတက်လာကာအနာဂတ်တွင်စဉ်ဆက်မပြတ်လုပ်ဆောင်မှုများရရှိမည်ဖြစ်ပါသည်။

- လူထုစိတ်ပါဝင်စားလာအောင်ပြုလုပ်ရာတွင် ကစားနည်းပြိုင်ပွဲများ၊ စည်းရုံးလှုံ့ဆော်မှုများနှင့်လူမှုရေးလုပ်ငန်းများ လုပ်ပေးခြင်းသည်ပိုမိုထိရောက်ပါသည်။

- စာတွေ့တွင်ရပ်ရွာအဆင့် လုပ်ငန်းဆောင်တာများစီစဉ်ချမှတ်ခြင်းကို ထိခိုက်လွယ်မှုနှင့်စွမ်းဆောင်ရည်စစ်ဆေးမှု (VCA) လုပ်ခြင်းပြီးနှစ်စဉ်နှစ်တိုင်းပြန်ပြင်ဆွဲရသင့်သည်။ သို့သော်လည်းလက်တွေ့တွင်လုပ်ဆောင်ခြင်းမရှိသောကြောင့် ထိုသို့ပြုလုပ်ခြင်း၏ ကောင်းကျိုးများနှင့်မပြုလုပ်ခြင်း၏ဆိုးကျိုးများကို သေချာစွာမှတ်သားထားသင့်သည်။

- ကြက်ခြေနီစေတနာ့ လုပ်အားရှင်များသည် ကျေးရွာ/ ရပ်ကွက်အဆင့်တွင်လုပ်ငန်းစဉ်စဉ်ဆက်မပြတ်အောင် မြင်မှု များတွင်များစွာအထောက်အကူပြုသောကြောင့် ၎င်းတို့၏တည်ရှိမှုကိုထိန်းသိမ်းထားနိုင်ရန်အခြားကျေး ရွာများတွင်လည်း လူငယ်လူရွယ်များကိုစေတနာ့လုပ်အားရှင်များအဖြစ်မွေးထုတ်နိုင်ရန်မဟာဗျူဟာများရှိသင့်ပါသည်။

## ကျမ်းကိုးစာရင်း


- မြန်မာနိုင်ငံကြက်ခြေနီအသင်း ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံမန်ချက်အကောင် ထည်ဖော်ဆောင်ရွက်ရေးလမ်းညွှန်(၂၀၀၉)
- မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုမူဝါဒ(၂၀၁၀)
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၂၀၁၀လုပ်ဆောင်ခဲ့သောလုပ်ငန်းအစီအစဉ်အစီရင်ခံစာ ဖေဖဝါရီ၂၀၁၀မှဇန်နဝါရီ၂၀၁၁။မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ပါး ရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး– ပင်လမ်းကမ်းရိုးတမ်းဒေသ –အစီအစဉ်
- မြန်မာနိုင်ငံကြက်ခြေနီအသင်း ၂၀၁၁ လုပ်ငန်းအစီအစဉ်များပြန်လည်တင်ပြခြင်းအစီရင်ခံစာ ဇန်နဝါရီ၂၀၁၁ ဒီဇင်ဇင်ဘာ၂၀၁၂အထိ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး– ပင်လမ်းကမ်းရိုးတမ်းဒွေသ–အစီအစဉ်
- မြန်မာနိုင်ငံကြက်ခြေနီအသင်း ၂၀၁၂ လုပ်ငန်းအစီအစဉ်များပြန်လည်တင်ပြခြင်းအစီရင်ခံစာ ဇန်နဝါရီ၂၀၁၂ ဒီဇင်ဇင်ဘာ၂၀၁၂အထိ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ပါးရေး စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး– ပင်လမ်းကမ်း ရိုးတမ်းဒေသ– အစီအစဉ်
- ၂၀၁၃ခုနှစ်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ခြုံငုံသုံးသပ်ချက်–မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်လျော့ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့်ရပ် ရွာအခြေပြုဘေးအန္တရာယ် လျော့ပါးရေး ဖြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်များတင်ပြထားသည့် ပါဝါပွိုင့်

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်လက်တွေ့ဆောင်ချက်များသည်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ဦးတည်ချက်တစ်ရပ်ဖြစ်သောမြန်မာနိုင်ငံအတွင်းရှိဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများတွင်မှီတင်း နေထိုင်နေကြကုန်သောရပ်ရွာနေပြည်သူပြည်သားများတွင်ဘေးအန္တရာယ် ကျရောက်မှုလျော့ပါးစေရန် ရည်ရွယ်၍ လုပ်ဆောင်နေသော လက်တွေ့လေ့လာခြင်းဖြစ်သည်။**

ဤဖြစ်ရပ်များသည်မြန်မာနိုင်ငံရှိမြို့နယ်၃၉မြို့နယ်မှ ခရိုင်ငွေသကြီး ၇ ခုတွင် အမှန်တစ်ကယ်ကြုံတွေ့ခဲ့ရသော ဘ၀အတွေ့အကြုံ၊ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်ချက်နှင့် ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ချက်များကို စီစစ်ကောက်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအစီအစဉ်တွင်ကျေးလက်နှင့်မြို့ပြဒေသများတွင် ဘေးအန္တရာယ်လျော့ပါးရေးအသိပညာ ဗဟုသုတများတိုးပွားစေခြင်း၊စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်း၊ (နိုင်ငံတော်အဆင့်ဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့၊အရေးပေါ်တုန့်ပြန်၊ပြန်ကြားရေးအဖွဲ့)၊စေတနာ့ဝန်ထမ်းများမွေးထုတ်ပေးခြင်း၊ကျောင်းအခြေပြုကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် များကိုတသားတည်းထည့်သွင်းစဉ်းစားခြင်းစသည့်လုပ်ငန်းတာများပါဝင်သည်။ဤလုပ်ငန်းစဉ်မှတ်တမ်းများသည်နောင်တစ်ကြိမ်ပြန်လည်အသုံးချရာတွင်သင်ထောက်ကူပစ္စည်းများ၊ကိုးကားချက်များအနေဖြင့် ပြန်လည်အသုံးပြုခြင်းသည် အကောင်းဆုံးအရာများဖြစ်သည်။ ဤလက်တွေ့လေ့လာမှုများသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းကအပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့်မိတ်ဖက်ကြက်ခြေအနီအသင်းများဖြစ်သော ပြင်သစ်ကြက်ခြေနီအသင်း၊ ကနေဒီးယန်းကြက်ခြေနီအသင်းနှင့်အမေရိကန်ကြက်ခြေနီအသင်းတို့၏အကူအညီဖြင့်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ဖွဲ့စည်းပုံကိုအစကနဦးအနေဖြင့်မြန်မာနိုင်ငံအတွက် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။


အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤလိပ်စာဖြင့်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာဇသင်္ဂဟလမ်းကြီး၊ ဒက္ခိဏသီရိ၊ နေပြည်တော်**

**ဖုန်း(+၉၅) ၀၆၇ ၄၁၉၀၁၇ – လိုင်းခွဲ ၂၂၀**

**ဖက် (+၉၅) ၀၆၇ ၄၁၉၀၁၇**


ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဖွဲ့စည်းပုံကနဦးစတင်ဆောင်ရွက်ခြင်းတို့ကိုအောက်ပါမိတ်ဖက်ကြက်ခြေနီအသင်းတို့၏အကူအညီဖြင့်ဆောင်ရွက်ပါသည်။

International Federation of Red Cross and Red Crescent Societies — အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း

croix-rouge française — ပြင်သစ်ကြက်ခြေနီအသင်း

CANADIAN RED CROSS — ကနေဒီယန်းကြက်ခြေနီအသင်း

American Red Cross — အမေရိကန်ကြက်ခြေနီအသင်း

CBDRR Framework is facilitated by

adpc Asian Disaster Preparedness Center